## ဖတ်စေချင်ပါသည်

"မြဟွစိုရ်နှလုံးသားထဲက ဓမ္မအတွေးအမြင်" စာအုပ်ပါ စာများသည် အကြောင်းအရာတစ်ခုတည်းကို ဦးတည်ရေးဖွဲ့ထားသောစာများ မဟုတ်ပါ။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့နယ်ပယ်၌ လက်တွေ့ဖြစ်ပျက်နေသောအကြောင်းများ၊ ရှေးရိုးစွဲဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးဆိုင်ရာ အမှားများ၊ ဘာသာခြားပုဂ္ဂိုလ်တို့က ထေရဝါဒဗုဒ္ဓဘာသာအပေါ် ဝေဖန်ထိုးနှက်ချက်များ စသည်ဖြင့် အကြောင်းအရာမျိုးစုံကို ဝေဖန်ပိုင်းခြား စိစစ်နိုင်ကြစေရန်၊ ဓမ္မသံဝေဂယူနိုင်ကြစေရန် စုစည်းဖော်ပြထားပါသည်။

"အမှန်တရား ထင်ရှားပါစေ"၊ "ဘောင်မခတ်ပါ သို့သော်" တို့တွင် ထေရဝါဒ ဗုဒ္ဓဘာသာအပေါ် ဘာသာခြားတို့၏ သဘောထားအမြင်တို့ကို စာဖတ်သူများ အမှန်အတိုင်း သိရှိနိုင်ကြစေရန် ဖော်ပြထားပါသည်။ "ဂါရဝ မင်္ဂလာ ဆောင်ကြပါ" တွင် ကိုယ့်ဘာသာ၊ ကိုယ့်သာသနာနှင့် မြတ်ဗုဒ္ဓအပေါ် ကြည်ညိုလေးစားသည့် သဒ္ဓါစိတ်တို့ နိုးကြားလာအောင် နှိုးဆွမြှင့်တင်ပေးထားပါသည်။ "ရောင်းမှုဝယ်မှု မြတ်ကောင်းမှု"၊ "အယောင်ဆောင် အကြောက်သမားများ" တို့တွင်မူ ဓမ္မသုတ ဓမ္မရသ အညီအမျှ ရောမွှေတင်ပြထားပါသည်။

ဤစာများက စာဖတ်သူတို့ကို လမ်းမှားနှင့် လမ်းမှန်ကို ခွဲခြားပြပါလိမ့်မည်။ ဓမ္မနှင့် အဓမ္မ ဆန်းစစ်ပြပါလိမ့်မည်။ ဓမ္မကိုဆောင်၊ ဓမ္မလမ်းပေါ် လျှောက်သူတို့အတွက် ရရှိမည့် ဓမ္မချမ်းသာနှင့် ကောင်းကျိုးအထွေထွေ၊ အဓမ္မဝါဒ၏ ဆိုးကျိုးဆိုးပြစ်တွေကို သိရှိဆင်ခြင်၍ ဓမ္မသံဝေဂရအောင် ပံ့ပိုးပေးပါလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဤကဲ့သို့ အကြောင်းအရာမတူသော ဓမ္မသုတ ဓမ္မရသစာများကို ရွေးချယ်စုစည်းတင်ပြရသည့် ရည်ရွယ်ချက်မှာ အချိန်ဆင်းရဲကြသော စာဖတ်ပရိသတ်အတွက် တစ်ပုဒ်ဆိုတစ်ပုဒ် ဖတ်မိသမျှ အမှတ်တရဖြစ်စေလိုသော စေတနာကြောင့် ဖြစ်ပါသည်။

"ကိစ္စများမြောင် လူတို့ဘောင်" ဟု ဆိုထားပါသည်။ ယနေ့ကာလ၌ ထေရဝါဒဗုဒ္ဓဘာသာဝင် မိသားစုများမှာ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အရေးတကာ့အရေးတွေ ဆုံစည်းနေချိန် ဖြစ်ပါသည်။ တချို့က စာတစ်အုပ်ပြီးအောင် ဖတ်ချိန်မရကြပါ။ တချို့ဆိုလျှင် စာတစ်ပုဒ်ပြီးအောင်ပင် ဖတ်ချိန်မရရှာကြပါ။ စာဖတ်ချင်စိတ်ရှိကြသည့် အဆိုပါ အချိန်ဆင်းရဲသူတို့အတွက် တစ်ပုဒ်ဖတ်ဖတ်၊ တစ်မျက်နှာဖတ်ဖတ် ဖတ်မိသမျှကို ထိထိမိမိ သိရှိသွားအောင် ရည်ရွယ်ပြီး "မြဟွစိုရ်နှလုံးသားထဲက ဓမ္မအတွေးအမြင်" စာစုကို စီစဉ်လိုက်ရခြင်း ဖြစ်ပါသည်။

"မြဟွစိုရ်နှလုံးသားထဲက ဓမ္မအတွေးအမြင်" စာအုပ်ကို မြင်မိလျှင် ကိုင်ကြည့်ချင်အောင်၊ ကိုင်မိလျှင် လှန်ကြည့်ပြီးတော့ ဖတ်ကြည့်ချင်အောင်၊ စိုပြည် လှပ သပ်ရပ် ခေတ်မီစွာ ပုံဖော်ထုဆစ်ပေးခဲ့ကြသည့် ဆရာကြီးဦးလေးမြိုင် (ဓမ္မရတနာနှင့် ဓမ္မရံသီမဂ္ဂဇင်း အယ်ဒီတာချုပ်)၊ မဂ္ဂဇင်းအမှုဆောင်အဖွဲ့ဝင်အားလုံး၊ နှလုံးလှစာပေ မိသားစုအားလုံးနှင့် တကွ စာအုပ်နှင့်ဆက်စပ်သမျှ လိုအပ်ရာရာ ပံ့ပိုးကူညီကြသည့် နွေးထွေးသော မေတ္တာပိုင်ရှင်အားလုံးကိုပါ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကေသီရီ (တောင်ငူ)
၁၃၇၁-ခုနှစ်၊ နတ်တော်လဆန်း ၁-ရက်
၁၇. ၁၁. ၂၀၀၉

## မာတိကာ


| မကြောက်သူနှင့် ကြောက်သူ | နောက်ကျောဖုံး |
|---|---|
| ဖတ်စေချင်ပါသည် | ၆ |
| သာခုအကြောင်း ကောင်းမကောင်း | ၉ |
| အိုဘယ့် ဇာတာလူသား | ၁၈ |
| ဘောင်မခတ်ပါ သို့သော်. . . | ၃၂ |
| ဂါရဝမင်္ဂလာ ဆောင်ကြပါ | ၄၃ |
| အမှန်တရား ထင်ရှားပါစေ | ၅၄ |
| အရှုံးမခံပါနှင့် | ၆၇ |
| မိခင်မြတ် | ၇၅ |


## မာတိကာ


| | |
|---|---|
| ဘဝပျက်ခြင်း အကြောင်းရင်း | ၈၂ |
| ဗေဒင်ဖြင့် ဇာတ်သိမ်းသွားသူအကြောင်း | ၉၄ |
| မီးလောင်မခံပါနှင့် | ၁၀၆ |
| သရဏဂုံမြောက်ခြင်း | ၁၁၅ |
| ဗုဒ္ဓဟောသည့် ဘောဂဗေဒ | ၁၂၆ |
| ရောင်းမှု ဝယ်မှု မြတ်ကောင်းမှု | ၁၃၅ |
| အယောင်ဆောင် အကြောက်သမားများ | ၁၄၃ |
| ဘဝအနာမခံကြပါနှင့် | ၁၅၄ |